ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၆ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၁၈ ရက်

**ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် အသင်းသားများထံမှ ကောက်ခံရမည့် ချေးငွေအရင်းနှင့်အတိုးရွှေ့ဆိုင်းမှုအတွက် ကာလတို(၁)နှစ် အတိုးမဲ့ချေးငွေ ထုတ်ချေးမည့်အစီအစဉ်**

၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးတွင် COVID-19 ရောဂါကူးစက်ခံရမှု ရာခိုင်နှုန်း အများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများထံမှ ပြန်လည်ကောက်ခံရန်အချိန်စေ့ရောက်သည့်ချေးငွေအရင်းနှင့်အတိုးကို ၂၀၂၁ ခုနှစ် ဧပြီလကုန်အထိ ရွှေ့ဆိုင်းပြီး ၂၀၂၁ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း အရစ်ကျ ပြန်လည်ကောက်ခံရန်နှင့် ချေးငွေပြန်လည်ကောက်ခံမှုရွှေ့ဆိုင်းထားစဉ် ကာလအတွင်း အသင်းသားများထံမှ ရွှေ့ဆိုင်းချေးငွေအပေါ် အတိုးကောက်ခံခြင်းမပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ရွှေ့ဆိုင်းပေးခဲ့သည့် ချေးငွေ အရင်း၊ အတိုး ပမာဏကို မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အတိုးမဲ့ ၁ နှစ် ချေးငွေ ၊ (ဆိုင်းငံ့ကာလ (၆)လ) ထုတ်ချေးပေးမည် ဖြစ်ပါသည်။

**ချေးငွေဆိုင်ရာသတ်မှတ်ချက်များ**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးမည့်ချေးငွေသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| (က) | ချေးငွေအမျိုးအစား။ | အတိုးမဲ့ချေးငွေ (၁ နှစ်) |
| (ခ) | ဆိုင်းငံ့ကာလ။ | ၆ လ |
| (ဂ) | အရင်းပြန်လည်ပေးဆပ်မှု။ | ကျန် ၆ လ တွင် ၃ လ တစ်ကြိမ်ပေးဆပ်ရန် |

**ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် သတ်မှတ်ချက်များ**

၃။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါစံနှုန်းများနှင့် ပြည့်စုံရမည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ရမည်။

(ခ) အသင်းဝင်များသို့ စဉ်ဆက်မပြတ်ချေးငွေ ထုတ်ချေးနေသော အဖွဲ့အစည်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများထံမှ ချေးငွေအရင်းနှင့်အတိုး ပြန်လည်ကောက်ခံရန် အချိန်စေ့ရောက်သည့်ချေးငွေလက်ကျန်ရှိပြီး ၎င်းလက်ကျန်ကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြထားသော အဖွဲ့အစည်းဖြစ်ရမည်။

(ဂ) အချိန်စေ့ရောက်သည့် ချေးငွေပမာဏ မတင်ပြခြင်း၊ ၆ လနှင့်အထက် လုပ်ငန်းရပ်ဆိုင်းနေခြင်း၊ လုပ်ငန်းမစတင်သေးခြင်း၊ လိုင်စင်ပြန်လည်အပ်နှံရန် လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း မဖြစ်စေရ။

(ဃ) အချိန်စေ့ရောက်သည့် ချေးငွေပမာဏသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လရှိ စုစုပေါင်းချေးငွေလက်ကျန်ပမာဏထက် များသော အဖွဲ့အစည်း မဖြစ်စေရ။

(င) အတိုးမဲ့ချေးငွေကို သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည် ပေးဆပ်နိုင်သည့် အဖွဲ့အစည်းဖြစ်ရမည်။

**အတိုးမဲ့ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများဆောင်ရွက်ရမည့်အချက်များ**

၄။ အတိုးမဲ့ ချေးငွေရယူမည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ရွှေ့ဆိုင်းချေးငွေအတွက် ခွင့်ပြုသည့် ချေးငွေရယူရန် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

(ခ) ရရှိသောအတိုးမဲ့ ချေးငွေကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် အတိုး၊ အရင်း ပေးဆပ်ရန် အချိန်စေ့ရောက်သည့် အသင်းသားများ၏ ချေးငွေ၊ ပြန်လည် ပေးဆပ်ရန်ကာလ ရွှေ့ဆိုင်းခဲ့သဖြင့် လိုအပ်သည့် လည့်ပတ်ရင်းနှီးငွေ (Working Capital)

အတွက်သာ အသုံးပြုရမည်။ ချေးငွေရွှေ့ဆိုင်းသည့် ကာလတွင် အသင်းသားများထံမှအတိုး ကောက်ခံခြင်း မပြုရ။

(ဂ) အတိုးမဲ့ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းသားများက ပေးဆပ်ရန် အချိန်စေ့ရောက်သည့် ချေးငွေအရင်းနှင့်အတိုးကို ၂၀၂၁ ခုနှစ် ဧပြီလကုန် အထိ ရွှေ့ဆိုင်းပြီး အသင်းသားများထံမှ ချေးငွေအရစ်ကျ ပြန်လည်ကောက်ခံခြင်းကို ၂၀၂၁ ခုနှစ် မေလမှ အောက်တိုဘာလ အတွင်း ဆောင်ရွက်ရမည်။

(ဃ) အတိုးမဲ့ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့်အညီ ချေးငွေရယူပြီး ပထမ(၆)လကို ဆိုင်းငံ့ ကာလအဖြစ်သတ်မှတ်၍ ကျန်(၆)လတွင် ပေးဆပ်ရမည့် ချေးငွေအရင်းကို မြန်မာ့စီးပွားရေးဘဏ်သို့ (၃) လ တစ်ကြိမ် ပေးသွင်းခြင်းဖြင့် ပြန်လည်ပေးဆပ်ရမည်။

(င) အတိုးမဲ့ချေးငွေ ရယူထားသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချေးငွေထုတ်ချေးမှုစာရင်း (Loan Files)၊ အသင်းဝင်များ၏ ချေးငွေ ရယူမှု/ပြန်လည်ပေးဆပ်မှုစာရင်း တို့ကို စစ်ဆေးခံနိုင်ရေး လိုအပ်သော စာရင်းဇယားများ ပြုစုထားရမည့်အပြင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လစဉ် ပေးပို့တင်ပြရမည်။

(စ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**မြန်မာ့စီးပွားရေးဘဏ်မှဆောင်ရွက်ပေးရမည့်အချက်များ**

၅။ မြန်မာ့စီးပွားရေးဘဏ်သည် ချေးငွေရယူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အောက်ပါတို့ကို တောင်းခံ၍ ချေးငွေထုတ်ပေးရေး ဆောင်ရွက်ရမည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ချေးငွေခွင့်ပြုသည့်အကြောင်းကြားစာ၊

(ခ) ချေးငွေရယူမည့်အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှBOD ၏သဘောတူညီချက်၊

(ဂ) ချေးငွေအား အပြည့်အဝပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဝင်(၂)ဦးမှ အာမခံချက်။

**မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ ဆောင်ရွက်ပေးရမည့်အချက်များ**

၆။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အတိုးမဲ့ချေးငွေရယူသည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ အနေဖြင့် ချေးငွေရရှိပြီးနောက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ရန် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ခ) ချေးငွေထုတ်ချေးရာမှ ဖြစ်ပေါ်လာနိုင်သည့် ဖြေရှင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရမည်။

(ဂ) အတိုးမဲ့ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးယူထား ငွေအား သတ်မှတ်ကာလ အတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်ရေးနှင့် ပေးဆပ်ရန် ပျက်ကွက်မှုမရှိစေရေးအတွက် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ၆ ( ၈၇၃ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ
- မြန်မာ့စီးပွားရေးဘဏ်

- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး
- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများအားလုံး

အမိန့်အရ

၁၈၊၁၁၊၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ